ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

**ပို့ကုန်၊သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ**

**သတင်းလွှာ(၃ /၂၀၂၁)**

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၃ ရက်

အကြောင်းအရာ။ **သွင်းကုန်လိုင်စင်လျှောက်ထားမှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးအတွက် ထောက်ခံချက်၊ လက်မှတ်သက်တမ်းတို့နှင့်စပ်လျဉ်း၍ ယာယီဖြေလျှော့ခွင့်ပြုမည့်ကိစ္စထုတ်ပြန်ခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သွင်းကုန်ပို့ကုန်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဥပဒေများအရလည်းကောင်း၊ မူဝါဒများအရလည်းကောင်း လိုင်စင်စနစ်ဖြင့် ထိန်းကျောင်းဆောင်ရွက်လျက်ရှိရာ WTO Import Licensing Procedures Agreement နှင့်အညီဖြစ်စေရေးအတွက် ပို့ကုန်၊သွင်းကုန်များအတွက် လိုင်စင်လျှောက်ထားရန်လိုသည့် ကုန်စည်စာရင်းများကို အမိန့်ကြော်ငြာစာအသီးသီးဖြင့် ထုတ်ပြန်ထားပြီး အဆိုပါကုန်စည်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊အသင်းအဖွဲ့များ၏ ထောက်ခံချက်များဖြင့် လိုင်စင်ခွင့်ပြုပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် လတ်တလောအခြေအနေများအရ သွင်းကုန်လုပ်ငန်းရှင်များ၏ လိုင်စင်လျှောက်ထားမှု လုပ်ငန်းစဉ်များ လျင်မြန်ချောမွေ့စေရန်အတွက် သက်ဆိုင်ရာဌာန၊ အသင်းအဖွဲ့များ၏ အသိအမှတ်ပြုလက်မှတ်သက်တမ်းကိစ္စနှင့် ထောက်ခံချက်ကိစ္စတို့အား ယာယီအားဖြင့် အောက်ပါအတိုင်း ဖြေလျှော့ခွင့်ပြုသွားမည်ဖြစ်သည်-

(က) ဆေးဝါးများ၊ အားဆေးများနှင့်စပ်လျဉ်း၍ သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)မှ ထုတ်ပေးသည့် ဆေးဝါးတင်သွင်းခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်(Drug Importation Approval

Certificate- DIAC)နှင့် ဆေး၀ါးမှတ်ပုံတင်လက်မှတ် (Drug Registration Certificate-DRC)၏ သက်တမ်းကုန်သည့်ကိစ္စရပ်များအတွက် DIAC နှင့် DRC ရရှိထားပြီး ယခင်တင်သွင်းလျက်ရှိသော ဆေး၀ါးများဖြစ်ပါက အဆိုပါမှတ်ပုံတင်လက်မှတ်တို့၏ သက်တမ်းများ ကုန်ဆုံးသည့်တိုင် သွင်းကုန်လိုင်စင်ခွင့်ပြုပေးခြင်း၊

(ခ) CMPပစ္စည်းများတင်သွင်းခြင်းအတွက် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA)၏ ထောက်ခံချက်မပါရှိဘဲ သွင်းကုန်လိုင်စင်ခွင့်ပြုပေးခြင်း၊

၃။ အထက်အပိုဒ် ၂ ပါ အထောက်အထားများနှင့်စပ်လျဉ်းသည့် ဖြေလျှော့ခွင့်ပြုခြင်းကို ၈.၃.၂၀၂၁ ရက်နေ့မှ ၉.၄.၂၀၂၁ ရက်နေ့အထိ ယာယီခွင့်ပြုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**